# အစီရင်ခံမှ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် အဓိက တွေ့ရှိချက်များ

# မြန်မာ နိုင်ငံ  - သက်တမ်းနသေးသော်လည်း ကြီးထွားလာနေသည့် မြို့ပြထွန်းကားမှု

ဂြိုဟ်တုပုံရိပ်နှင့် မြေပြင်အကွာအဝေးမြေပုံစနစ်များမှတစ်ဆင့် ပြုစုခဲ့သည့်ကမ္ဘာ့ဘဏ်၏အချက်အလက် အသစ် များအရ အရှေ့အာရှ၏ အရှိန်အဟုန်နှင့်ဖွံ့ဖြိုးနေသော မြို့ပြထွန်းကားမှုကို ပုံစံတစ်မျိုးဖြင့်နားလည်နိုင်ပါသည်။ အရှေ့အာရှ၏ရုပ်ဝတ္ထုပိုင်းနှင့် လူမှု ပြောင်းလဲမှုကြီး၏ အစိတ်အပိုင်းအဖြစ် အဆိုပါဒေသတွင်းအခြေခံအဆောက်အအုံများကို အုံနှင့်ကျင်းနှင့်တည်ဆောက်နေချိန်တွင် လေ့လာမှုအသစ် က အခရာကျသည့် အချက်များကိုထုတ်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်လျှင်မူ ကမ္ဘာ့ဘဏ်အစီရင်ခံစာဖြစ်သည့် *အရှေ့အာရှ၏ပြောင်းလဲနေသော မြို့ပြ ရှုမျှော်မြင်ကွင်း - အကျယ်အဝန်း တိုးပွားမှု ဆယ်စုနှစ်ကို တိုင်းတာခြင်း* အရ မြန်မာနိုင်ငံ၏မြို့ပြဖွံ့ဖြိုးမှုသည် သက်တမ်းနနယ်သေးသော်လည်း ကြီးထွားလာနေသည့်အဆင့်သို့ရောက်နေပြီဟု သိရသည်။ ၂၀၁၀ ပြည့်နှစ် အထိ မြန်မာနိုင်ငံတွင် အရှေ့အာရှအဆင့်အတန်းဖြင့်တိုင်းပါကမဟာမြို့ပြဒေသကြီးများမရှိသေးပါ။ သို့သော် ရန်ကုန်နှင့် မန္တလေးတို့မှာမူ လူဦးရေတစ်သန်းမှ ငါးသန်းအထိရှိသည့် အလယ်အလတ်မြို့ကြီးများဖြစ်ပါသည်။

**အဓိကတွေ့ရှိချက်များ**

- ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆယ်စုအတွင်း မြန်မာနိုင်ငံ၏မြို့ပြဖွံ့ဖြိုးမှုမှာ အိမ်နီးချင်းနိုင်ငံများ ထက် နောက်ကျခဲ့သည်။ ယင်းမှာ နိုင်ငံ၏စီးပွားရေးအထီးကျန်မှုကြောင့်ဖြစ်နိုင်ဖွယ်ရှိပြီး ၂၀၁၀ ပြည့်နှစ်အထိပင်ဖြစ်သည်။

- ဒေသတွင်း နိုင်ငံအကျယ်အဝန်းအရ အကြီးဆုံးများထဲတွင်ပါဝင်သည့်မြန်မာနိုင်ငံသည် ဗီယက်နမ်၊ မလေးရှားတို့ထက် နစ်ဆကျော်ကြီးမားသော်လည်း ဗီယက်နမ်မြို့ပြဒေသ၏သုံးပုံတစ်ပုံအောက်နှင့် မလေးရှား၏ ငါးပုံတစ်ပုံအောက်သာ ရှိခဲ့သည်။

- နိုင်ငံ၏မြို့ပြမြေဒေသပမာဏမှာ ယခုကာလအတွင်း စတုရန်းကီလိုမီတာ ၇၆၀ မှ ၈၃၀ သို့ တိုးတက် ခဲ့ရာ တစ်နှစ်လျှင် ၀.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သော်လည်း ဒေသတွင်းအနိမ့်ဆုံးနှုန်းတစ်ခုဖြစ် သည်။

- နိုင်ငံလူဦးရေအနက် အများစုမှာကျေးလက်ဒေသမှာသာနေထိုင်ကြသော်လည်း မြို့ပြလူဦးရေ တိုးနှုန်းမှာမူ မြို့ပြအကျယ်အဝန်းတိုးနှုန်းထက် ပိုမြန်နေခဲ့သည်။ မြန်မာနိုင်ငံ၏မြို့ပြဒေသနေ လူဦးရေသည် ၂၀၀၀ ပြည့်နှစ်က ၄.၇ သန်း (လူဦးရေ၏ ၁၀ ရာခိုင်နှုန်း) မှ ၂၀၁၀ ပြည့်နှစ်တွင် ၆.၂ သန်း (လူဦးရေ၏ ၁၃ ရာခိုင်နှုန်း) သို့ မြင့်တက်ခဲ့သည်။

- မြို့ပြလူဦးရေသိပ်သည်းဆမှာ ၂၀၀၀ ပြည့်နှစ်က တစ်စတုရန်းကီလိုမီတာလျှင် လူ ၆,၂၀၀ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်သို့ရောက်သည့်အခါ ၇,၅၀၀ သို့ တိုးပွားလာသည်။ ယင်းသိပ်သည်းဆသည် အရှေ့အာရှ ဒေသတစ်ခုလုံးရှိ မြို့ပြဒေသများ၏ပျမ်းမျှသိပ်သည်းဆထက်ပိုမြင့်နေပြီး အင်ဒိုနီးရှားနိုင်ငံပြီးလျှင် သိပ်သည်းဆဒုတိယအမြင့်ဆုံး မြင့်တက်မှုဖြစ်သည်။

- ၂၀၁၀ ပြည့်နှစ်ကာလအထိ မြန်မာနိုင်ငံတွင် အရှေ့အာရှစံနှုန်းများအရ မြို့ပြဒေသကြီးများ မရှိခဲ့ သော်လည်း အလယ်အလတ်အဆင့်ရှိမြို့ပြနှစ်ခုရှိခဲ့သည်။ ၎င်းတို့မှာ ရန်ကုန်နှင့်မန္တလေးတို့ဖြစ်ပြီး လူဦးရေ တစ်သန်းမှ ငါးသန်းအထိ အသီးသီးရှိခဲ့သည်။

- ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏အကြီးဆုံးမြို့ပြဒေသဖြစ်သည်။ သို့ရာတွင် ယခုကာလအတွင်း ၎င်း သည် အကျယ်အဝန်းအားဖြင့် သိပ်ကြီးထွားမလာခဲ့ပဲ ၂၀၀၀ နှင့် ၂၀၁၀ ပြည့်နှစ်များအကြားတွင် ၀.၅ ရာခိုင်နှုန်း၊ ပမာဏအားဖြင့် စတုရန်းကီလိုမီတာ ၃၇၀ မှ ၃၉၀ အထိသာ ကြီးထွားခဲ့သည်။

- ရန်ကုန်၏လူဦးရေမှာမူ အကျယ်အဝန်းထက်စာလျှင် ပိုမိုလျင်မြန်စွာတိုးပွားလာခဲ့ပြီး တစ်နှစ်လျှင် ၂.၆ ရာခိုင်နှုန်းဖြင့် ၂.၆ သန်းမှ ၃.၄ သန်းသို့ တိုးပွားခဲ့သည်။